# ရာသီတုပ်ကွေးရောဂါ Seasonal Influenza ဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း

ထုတ်ပြန်ချက် (၂/၂၀၁၉)

နေပြည်တော်၊ ဇူလိုင် (၅) ရက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Problem) နှင့် ကပ်ရောဂါ (Epidemic) အသွင်ဖြင့် ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း (Communicable Disease Surveillace) လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅) (International Health Regulatios-2005) နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသတွင်းအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တုပ်ကွေးဆန်သောရောဂါလက္ခဏာ ဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို ဆက်လက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါပိုး ကူးစက်ဖြစ်ပွားမှုသည် နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီး အိမ်နီးချင်းနိုင်ငံများ၌လည်း ဖြစ်ပွားနေသော ရောဂါတစ်ခုဖြစ်ပါသည်။

**(၂၀၁၉) ခုနှစ်၊ ဇန်နဝါရီမှ ဇွန်လကုန်အထိ မြန်မာနိုင်ငံအပါအဝင် အပူပိုင်းဇုံနိုင်ငံအချို့တွင် ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေ**

| စဉ် | နိုင်ငံ | ခန့်မှန်းလူဦးရေ (သန်း) | A/H1N1 pdm09 | A/H3 | B | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | တရုတ်နိုင်ငံ | ၁,၄၃၄ | ၅၅,၁၀၀ | ၁၆,၂၀၀ | ၁၁,၅၀၀ | ၈၂,၈၀၀ |
| ၂ | အိန္ဒိယနိုင်ငံ | ၁,၃၆၆ | ၅,၆၈၄ | ၁,၈၉၉ | ၁၈၁ | ၇,၇၆၄ |
| ၃ | ဘရာဇီး | ၁၉၃ | ၈၄၆ | ၃၉ | ၃၂၀ | ၁,၂၀၅ |
| ၄ | ဘင်္ဂလားဒေ့ရှ် | ၁၆၃ | ၂၆၂ | ၃၄ | ၄၁၀ | ၇၀၆ |
| ၅ | ထိုင်းနိုင်ငံ | ၇၀ | ၁၄၈ | ၁၃၂ | ၃၈၆ | ၆၆၆ |
| ၆ | မြန်မာနိုင်ငံ | ၅၄ | ၉၉ | ၈ | ၁၀ | ၁၁၇ |
| ၇ | ဩစတြေးလျ | ၂၅ | ၆၄၂ | ၂,၂၃၂ | ၇၁၅ | ၃,၅၈၉ |

| စဉ် | နိုင်ငံ | ခန့်မှန်း လူဦးရေ (သန်း) | A/H1N1 pdm09 | A/H3 | B | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၈ | ကမ္ဘောဒီးယား | ၁၆ | ၈၈ | ၁၃ | ၃၁ | ၁၃၂ |
| ၉ | လာအိုနိုင်ငံ | ၇ | ၁၉၂ | ၁၅ | ၃၁ | ၂၃၈ |
| ၁၀ | နယူးဇီလန် | ၅ | - | ၁၇၆ | ၁၄၇ | ၃၂၃ |

**(၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ဇူလိုင်လ (၅) ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါပိုး တွေ့ရှိမှု အခြေအနေ**

| ရာသီတုပ်ကွေးရောဂါ သံသယလူနာများထံမှ ဓာတ်ခွဲနမူနာအရေအတွက် | ရာသီတုပ်ကွေးရောဂါ ပိုးတွေ့လူနာဦးရေ | | | |
|---|---|---|---|---|
| | Influenza A (H1N1) pdm09 | Influenza A (H3N2) | Influenza B | စုစုပေါင်း |
| ၄၂၄ | ၁၂၃ | ၁၆ | ၁၁ | ၁၅၀ |

**ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူများအနက် ဓာတ်ခွဲအတည်ပြု Influenza A(H1N1)pdm09 ဖြင့် သေဆုံးသူများအား ဆန်းစစ်ခြင်း**

| နာတာရှည်ရောဂါ အခံရှိသူများတွင် သေဆုံးသူ ဦးရေ | ရောဂါပိုးကူးစက်ခံရပါက သေဆုံးနိုင်ခြေများသော အုပ်စု (အသက်အရွယ် ကြီးရင့်သူများ၊ အသက် အရွယ် ငယ်လွန်းသူများ) တွင် သေဆုံးသူဦးရေ | ရာသီတုပ်ကွေး ရောဂါဖြင့် သေဆုံးသူ ဦးရေ | သေဆုံးသူ စုစုပေါင်း |
|---|---|---|---|
| ၂၂ | ၃ | ၅ | ၃၀ |

သေဆုံးသူ (၃၀) ဦးကို လေ့လာဆန်းစစ်ချက်များအရ အသက်အရွယ်ကြီးရင့်သူများ၊ အသက်အရွယ် ငယ်လွန်းသူများ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်း ရောဂါ၊ မွေးရာပါ ရောဂါစုများ စသည့် နာတာရှည်ရောဂါအခံရှိသူများတွင် သေဆုံးကြောင်း တွေ့ရှိရပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် (၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ ဇူလိုင်လ (၅) ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါပိုးတွေ့ရှိသူနှင့် သေဆုံးမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**(၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ ဇူလိုင်လ (၅) ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရာသီတုပ်ကွေးရောဂါပိုးတွေ့ရှိသူနှင့် သေဆုံးမှု**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေသိပ်သည်းဆ (Population Density per $Km^2$) | ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ဦးရေ | ဓာတ်ခွဲအတည်ပြုသေဆုံးသူ ဦးရေ | ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု များအနက် Influenza A(H1N1) pdm09 ဖြင့် သေဆုံးမှု ရာခိုင်နှုန်း (Case Fatality Rate) |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၇၁၆ | ၂၂၃ | ၈၇ | ၂၄ | ၁၀.၇ % |
| ၂ | နေပြည်တော် | ၁၆၄ | ၁၉ | ၉ | - | - |
| ၃ | ရခိုင်ပြည်နယ် | ၈၇ | ၃၈ | ၁၅ | - | - |
| ၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၇၇ | ၁၆ | ၇ | ၃ | ၁၈.၈ % |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၁၂၄ | ၂၀ | ၆ | - | - |
| ၆ | မကွေးတိုင်းဒေသကြီး | ၈၇ | ၁၁ | ၆ | - | - |
| ၇ | ကချင်ပြည်နယ် | ၁၉ | ၃၀ | ၆ | - | - |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၇ | ၅ | ၄ | ၂ | ၄၀ % |
| ၉ | ရှမ်းပြည်နယ် (မြောက်) | - | ၆ | ၃ | - | - |
| ၁၀ | မွန်ပြည်နယ် | ၁၆၇ | ၆ | ၃ | ၁ | ၁၆.၇ % |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၂၀၀ | ၂ | ၁ | - | - |
| ၁၂ | ရှမ်းပြည်နယ် (တောင်) | - | ၂ | ၂ | - | - |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | လူဦးရေသိပ်သည်းဆ (Population Density per $Km^2$ | ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူဦးရေ | ဓာတ်ခွဲအတည်ပြုသေဆုံးသူဦးရေ | ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု များအနက် Influenza A(H1N1) pdm09 ဖြင့်သေဆုံးမှုရာခိုင်နှုန်း (Case Fatality Rate) |
|---|---|---|---|---|---|---|
| ၁၃ | တနင်္သာရီတိုင်းဒေသကြီး | ၃၂ | ၁ | ၁ | - | - |
| ၁၄ | ချင်းပြည်နယ် | ၁၃ | ၂ | - | - | - |
| ၁၅ | ရှမ်းပြည်နယ် (အရှေ့) | - | ၁ | - | - | - |
| ၁၆ | ကရင်ပြည်နယ် | ၅၂ | ၄၂ | - | - | - |
| စုစုပေါင်း | | ၇၆ | ၄၂၄ | ၁၅၀ | ၁၀ | ၇ % |

မှတ်ချက်။ ရှမ်းပြည်နယ်၏ လူဦးရေသိပ်သည်းဆ နှုန်းမှာ ၁ စတုရန်းကီလိုမီတာတွင် ၃၇ ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရာသီတုပ်ကွေးရောဂါပိုး တွေ့ရှိမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- (၆) ဦးမှ (၉) ဦးအထိ ပိုးတွေ့ရှိသော မြို့နယ်များ –
  - လှိုင်သာယာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ သဃ်္ဃန်းကျွန်း
- (၃) ဦးမှ (၅) ဦးကြား ပိုးတွေ့ရှိသော မြို့နယ်များ –
  - ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ သာကေတ၊ ဒလ၊ လှည်းကူး၊ အင်းစိန်၊ စမ်းချောင်း၊ ရန်ကင်း၊ လှိုင်